**PEOPLE DEFENSE FORCE**
**DEMAWSO**

---

## သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇) ရက်

၁။ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းတွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့သည် အရပ်သားပြည်သူများကို ယနေ့နံနက်(၁)နာရီ(၄၅)မိနစ်အချိန်တွင် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲ လေယာဉ်ဖြင့် (၂)ကြိမ်ခန့် ဗုံးကြဲခဲ့ပါသည်။

၂။ ထိုနည်းတူ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့သည် ယနေ့နံနက်(၁)နာရီ(၄၅)မိနစ်အချိန်တွင် တာဝေးပစ်လက်နက်ကြီးဖြင့် (၈)လုံးခန့် ထပ်မံပစ်ခတ်ခဲ့ပါသည်။ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ပြည်သူနေအိမ်(၅)လုံး၊ မူကြိုကျောင်း(၁)လုံး ထိခိုက်ပျက်စီးခဲ့ပြီး အိမ်မွေးတိရိစ္ဆာန်အချို့ကိုလည်း ထိခိုက်သေဆုံးခဲ့ပါသည်။

၃။ ဒီးမော့ဆိုမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့သည် အရပ်သားပြည်သူများအပေါ် ဗုံးကြဲ ပစ်ခတ်မှုမှာ (၆)ကြိမ်၊ လက်နက်ကြီးဖြင့် (၃၅)ကြိမ် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှု ခပ်စိပ်စိပ် ပြုလုပ်လာ နေသည်ကို တွေ့ရှိရပါသည်။

ပြန်ကြားရေးတာဝန်ခံ

ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို

ကာကွယ်ရေးဝန်ကြီးဌာန

ဆက်သွယ်ရန်ဖုန်း-09 427 223 068၊ 09 798 691 676